# ယာဉ်ထိန်းအချက်ပြမီးများ

၁။ ယာဉ်ထိန်းအချက်ပြ မီးများကို တပ်ဆင်အသုံးပြုပါ က အောက်ပါသတ်မှတ်ချက်အတိုင်း အသုံးပြုရမည်-

(က) လမ်းဆုံလမ်းခွတွင် အနီ၊ အဝါ ၊ အစိမ်းရောင် မီးသုံးမျိုးကို တပ်ဆင်ရမည်။ အချက်ပြ မီးလင်းမှု အစီအစဉ်မှာ အနီ-အစိမ်း-အဝါ -အနီ ဖြစ်ရမည်။

(ခ) မြားပုံပါ မီးစိမ်းကိုပါ ပြသလိုပါက မီးစိမ်း၏ လက်ယာဘက်ဘေးတွင်ဖြစ်စေ၊ အောက်ဘက်တွင်ဖြစ်စေ တွဲ၍တပ်ဆင်ပြသရမည်။ ထိုသို့တွဲ၍တပ်ဆင်ရာ၌ လိုအပ်လျှင် မီးစိမ်းအစား မြားပုံပါမီးစိမ်းကို အသုံးပြုနိုင်သည်။ လမ်းလေးခု ထက်ပို၍ ဆုံသောနေရာတွင် မီးသုံးမျိုးနှစ်စုံကို ယှဉ်၍တပ်ဆင်ထားပါက မီးစိမ်းအစား မြားပုံပါ မီးစိမ်းကို ပြသရမည်။

(ဂ) ယာဉ်သွားလာမှု နည်းပါးချိန်တွင် လမ်းဆုံလမ်းခွများ၌ သတိဖြင့်မောင်းနှင်ရန် မီးနီနှင့် မီးစိမ်းကိုပိတ်ပြီး မီးဝါကို မှိတ်တုတ်မီးဝါအဖြစ် ပြောင်းလဲပြသနိုင်သည်။

(ဃ) လူကူးမျဉ်းကျားတွင်ဖြစ်စေ၊ တီပုံသဏ္ဍာန်လမ်းဆုံတွင်ဖြစ်စေ မှိတ်တုတ်မီးဝါ တစ်လုံး သို့မဟုတ် တစ်လှည့်စီလင်းသော မီးဝါနှစ်လုံးတွဲ တပ်ဆင်ထားနိုင်သည်။

(င) ရထားလမ်းဖြတ်ကူးနေရာနှင့် မတင်နိုင်သောတံတား(Draw Bridge) တို့တွင် မှိတ်တုတ်မီးနီတစ်လုံး သို့မဟုတ် တစ်လှည့်စီလင်းသော မီးနီနှစ်လုံးတပ်ဆင်ထားနိုင်သည်။

(စ) ခြေကျင်လျှောက်သူများအတွက် သီးခြားအချက်ပြမီးများ အသုံးပြုလျှင် လူမတ်တတ်ရပ်နေသည့် ပုံပါမီးနီနှင့်လူလမ်းလျှောက်နေသည့် ပုံပါမီးစိမ်းတို့ကို အထက် အောက် ပြသရမည်။

၂။ ယာဉ်ထိန်းအချက်ပြ မီးရောင်များ၏ သင်္ကေတ/သက်မှတ်ချက်တို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အနီ။ အနီရောင်ပြလျှင် ရပ်မျဉ်းနောက်တွင် ယာဉ်ကိုရပ်ရမည်။ ရပ်မျဉ်းမရှိက အချက်ပြ မီးတိုင်မရောက်မီ ရပ်ရမည်။ လူကူးမျဉ်းပေါ်တွင်မရပ်ရ။

(ခ) အဝါ ။ရပ်မျဉ်း သို့မဟုတ် အချက်ပြမီးတိုင်သို့မရောက်မီ အဝါရောင်ပြလျှင် ယာဉ်ကို ရပ်မျဉ်းနောက်၊ သို့မဟုတ် အချက်ပြမီးတိုင်မရောက်မီ ရပ်ရမည်။

(ဂ) အစိမ်း။ အစိမ်းရောင်ပြလျှင် မောင်းနှင်နိုင်သည်။ သို့ရာတွင် လမ်းရှင်းမှ မောင်းနှင်ရမည်။ မီးစိမ်းကိုမီရန် အရှိန်မြှင့်၍ လုမမောင်းရ။ မီးပွိုင့်များ၏ အကွေ့များတွင် မြားစိမ်း အသုံးပြုရမည်။

(ဃ) မှိတ်တုတ်အနီ သို့မဟုတ် တစ်လှည့်စီလင်းသော အနီ။ယင်းအရောင်ပြလျှင် ရပ်မျဉ်း နောက် သို့မဟုတ် အချက်ပြမီးတိုင်သို့မရောက်မီ ယာဉ်ကိုရပ်ရမည်၊ ထိုအချက်ပြမှု ရပ်လျှင် မောင်းနှင်နိုင်သည်။

(င) မှိတ်တုတ်အဝါ သို့မဟုတ် တစ်လှည့်စီ လင်းသော အဝါ ။ ယင်းအရောင်ပြလျှင် သတိဖြင့်အရှိန်လျှော့၍ မောင်းနှင်ရမည်။

(စ) လူဖြတ်ကူးရန် အနီ၊ အစိမ်း။ ခြေကျင်လျှောက်သူများအတွက် အစိမ်းပြလျှင် သတိဖြင့် အမြန်ဖြတ်ကူးရမည်။ အနီပြလျှင် ဖြတ်မကူးရ။

၃။ ယာဉ်ထိန်းအချက်ပြမီးများကို ယာဉ်မောင်းသူများကောင်းမွန်စွာမြင်သာသည့် လမ်း၏ လက်ယာဘက်နံဘေးတွင်လည်းကောင်း၊ လမ်းပေါ်ကောင်းကင်ယံတွင်လည်းကောင်း ယာဉ်သွား လာမှုကို အနှောက်အယှက်မဖြစ်စေသော အစီအစဉ်ဖြင့်တပ်ဆင်ရမည်။

(က)  အစဉ်လိုက်တပ်ဆင်ထားသော မီးလုံးသုံးမျိုး၏ အနေအထားများ



ပုံ၁၄၈



ပုံ၁၄၈(က)

အချက်ပြမီးလင်းအစီအစဉ်မှာ အနီ-အစိမ်း-အဝါ -အနီ ဖြစ်သည်။ သာမန်အားဖြင့် လမ်းဆုံလမ်းခွတွင် ယာဉ်သွားလာမှု ထိန်းသိမ်းရန်အတွက် အသုံးပြုသည်။

(ခ)  မြားပုံပါ မီးစိမ်း



ပုံ ၁၄၉



ပုံ ၁၅၀

မီးစိမ်း၏ လက်ယာဘက်ဘေးတွင်တွဲ၍ တပ်ဆင်ထားခြင်း၊မီးစိမ်း၏ အောက်ဘက်တွင် တွဲ၍ တပ်ဆင်ထားခြင်း ပုံ ၁၄၉ နှင့် ပုံ ၁၅၀ တွင်လက်ယာဘက်ကွေ့ ယာဉ်များအတွက် လမ်းကိုအမြဲ သွားလာခွင့် ပြုထားကြောင်းကိုပြသသည်။



ပုံ၁၅၁

မီးစိမ်းအစား မြားပုံပါ မီးစိမ်းသုံးခြင်း

ပုံ ၁၅၁ ပါ မြားသည် သွားခွင့်ပြုသည့်ဘက်သို့ ပြသသည်။



ပုံ၁၅၂
တွဲ၍တပ်ဆင်ရာ၌ မီးစိမ်းအစား
မြားပုံကိုအသုံးပြုခြင်း



ပုံ၁၅၃
မီးသုံးမျိုးနှစ်စုံကိုယှဉ်၍တပ်ဆင်ပါက
မီးစိမ်းအစားမြားပုံကိုပြသခြင်း

ပုံ၁၅၂ ပါ မြားပုံများသည်လမ်းဆုံ၌ လမ်းခွဲပုံ အခြေအနေပေါ်မူတည်၍ အသုံးပြုသည်။

ပုံ၁၅၃ သည် လမ်းလေးခုထက်ပို၍ ဆုံနေသောနေရာတွင် မီးစိမ်းအစားမြားပုံများကို ပြသသည်။

(ဂ) မီးသုံးမျိုးတွင် မီးနီနှင့် မီးစိမ်းကို ပိတ်ပြီး မီးဝါကို မှိတ်တုတ်မီးအဖြစ်ပြောင်းလဲပြသခြင်း



ပုံ ၁၅၄

ယာဉ်သွားလာမှုနည်းပါးချိန်တွင် အသုံးပြုနိုင်သည်။

(ဃ) မှိတ်တုတ်မီးဝါနှင့်တစ်လှည့်စီလင်းသောမီးဝါများ



ပုံ၁၅၅

မှိတ်တုတ်မီးဝါတစ်လုံး



ပုံ၁၅၆

တစ်လှည့်စီလင်းသောမီးဝါနှစ်လုံး

လူကူးမျဉ်းကျားများတွင်ဖြစ်စေ၊"တီ"ပုံသဏ္ဌာန်လမ်းဆုံတွင်ဖြစ်စေ အသုံးပြုနိုင်သည်။

( င)   မှိတ်တုတ်မီးနီနှင့် တစ်လှည့်စီလင်းသော မီးနီများ



ပုံ ၁၅၇

မှိတ်တုတ်မီးနီတစ်လုံး



ပုံ ၁၅၈

တစ်လှည့်စီလင်းသောမီးနီနှစ်လုံး

ရထားလမ်းဖြတ်ကူးနေရာ၊ မတင်နိုင်သော တံတား(Draw Bridge)နှင့်တံတားရှင်တို့တွင် အသုံးပြုသည်။

( စ)   ခြေကျင်လျှောက်သူများ အတွက်သီးခြားအချက်ပြမီးများ



ပုံ ၁၅၉



ပုံ ၁၆၀ (က)



ပုံ ၁၆၀ (ခ)

ပုံ ၁၅၉ သည် လူမတ်တတ်ရပ်နေပုံ မီးနီပြစဉ် လမ်းဖြတ်မကူးရ။

ပုံ ၁၆၀(က)သည် လူလမ်းလျှောက်နေပုံ မီးစိမ်းပြစဉ် လမ်းဖြတ်ကူးနိုင်သည်။

ပုံ ၁၆၀( ခ)သည် လူလမ်းလျှောက်နေပုံ မီးစိမ်းပြစဉ်အေားမှ မီးစိမ်းများမှိတ်တုတ် ဖြစ်လာပါက မီးစိမ်းမှမီးနီသို့ မကြာမီ ကူးပြောင်းမည်ဖြစ်ကြောင်း အချက်ပြပေးခြင်းဖြစ်ရာ-

(က)   လမ်းဖြတ်ကူးပြီး ဖြစ်နေလျှင် တစ်ဘက်သို့ အမြန်ဆုံး ရောက်အောင်ဖြတ်ကူးပါ သို့မဟုတ်

( ခ)   လမ်းဖြတ်ကူးစ အခြေအနေတွင် ရှိနေပါက မဖြတ်ကူးတော့ဘဲ စောင့်ဆိုင်းနေပါ။